AUSCO

# ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

## အိမ်ရာ

လွယ်ကူစွာဖတ်ရှုစရာ




သင်ဩစတြေးလျားကိုရောက်ရှိလာသောအခါ၌ သင် နေထိုင်ရန်နေရာကို သင့်အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူက ရှာဖွေပေးလိမ့်မည်။



၎င်းသည် သင်၏ ခဏကြာနေထိုင်ရန်အတွက်သာ အိမ် ဖြစ်နိုင်ဖွယ်ရှိမည်။



သင်သည် အချိန်ကြာမြင့်စွာနေထိုင်မည့်နေရာတစ်ခု၊ ရေရှည်ကာလ သို့မဟုတ် အမြဲတမ်းအတွက် နေထိုင်နိုင်မည့်နေရာတစ်ခုကို ရှာဖွေရန် လိုအပ်လိမ့်မည်။




၎င်းကို သင်ဩစတြေးလျားရောက်ပြီးနောက် ပထမ 6 လ တွင် လုပ်ရန်လိုအပ်သည်။

သင်နေထိုင်ရန်နေရာကို အောက်ပါ ပုဂ္ဂိုလ်များမှတဆင့် ရှာဖွေနိုင်သည်။



- အိမ်ခြံမြေ ကိုယ်စားလှယ်များ




- သင့်အမှုတွဲလုပ်သား



- သင့်အား အဆိုပြုသူ





- သင့်မိတ်ဆွေများ တို့ဖြစ်သည်

# အိမ်ရာအမျိုးအစားများ



ဩစတြေးလျား၌ အိမ်ရာပေါင်းမျိုးစုံရှိပါသည်။



မြို့ကြီးများ၌ လူများ နေနိုင်ဖွယ်ရှိသည်တို့မှာ၊

- မြင့်မားသော တိုက်ခန်း အဆောက်အဦးများ



- ကြီးမားသော ပူးတွဲထားသည့် အဆင့်မြင့်သီးသန့်တိုက်အိမ်များ တို့ဖြစ်သည်



ဆင်ခြေဖုံးများ၌ လူများ နေနိုင်ဖွယ်ရှိသည်တို့မှာ၊

- အိမ်ငယ်များ



- အိမ်ကြီးများ



- နီးနီးကပ်ကပ် ပူးတွဲထားသည့် တိုက်ခန်းများ တို့ဖြစ်သည်



ကျေးလက်မြို့များတွင်မှ လူများ နေနိုင်ဖွယ်ရှိသည်တို့မှာ၊

- စိုက်ပျိုးမွေးမြူရေးအရပ်ပုံစံ အိမ်များ



- ကျေးလက် အိမ်ငယ်များ တို့ဖြစ်သည်



သြစတြေးလျား၌ရှိသောအိမ်များ၌ အများအားဖြင့်

- မီးဖိုခန်း



- ဧည့်ခန်း



- အဝတ်လျှော်ခန်း



- အိပ်ခန်းအချို့



- ရေချိုးခန်း တို့ဖြစ်သည်



ရေချိုးခန်းအများစု၌ ရေပန်းဖြင့် ရေချိုးရန်နေရာရှိတတ်ပြီး၊ အချို့တွင် ရေချိုးကန်ရှိပါသည်



အိမ်သာသည်

- ရေချိုးခန်းထဲတွင် သို့မဟုတ်



- ရေချိုးခန်းထဲတွင်မရှိဘဲ သီးခြားအခန်းငယ်တစ်ခု၌ ရှိကောင်းရှိမည်

# အိမ်ငှားခြင်း




တစ်ဦးတစ်ယောက်က ပိုင်ဆိုင်သော နေအိမ်တွင် ငွေပေး၍နေထိုင်ခြင်းကို အိမ်ငှားခြင်းဟုခေါ်သည်။




သင်နေထိုင်လိုသည့်နေရာကို သင်ငှားရမ်းရန် လိုအပ်လိမ့်မည်။




အောက်ပါတို့နှင့် သင့်အိမ်လခကိုပေးနိုင်သည်

- သင့်ဝင်ငွေ - သင့်အလုပ်အကိုင်မှရသော လုပ်ခ




- စင်တာလင့်ခ် (Centrelink) မှ ရရှိသောငွေ တို့ဖြစ်သည်




ဩစတြေးလျားမြို့ကြီးများတွင် အိမ်ငှားရန် အလွန်စျေးကြီးနိုင်သည်။



သင်နေထိုင်သည့် အိမ်ပုံစံ နှင့် အရွယ်အစားသည် အောက်ပါတို့အပေါ် မူတည်၍ ကွာခြားပါလိမ့်မည်။

- သင်နေထိုင်သောမြို့ကြီး



- သင်နေထိုင်လိုသောမြို့ကြီး၏ နေရာအစိတ်အပိုင်း



- သင်ငွေမည်မျှတတ်နိုင်သည် တို့ဖြစ်သည်



အောက်ပါနေရာတို့၌ နေထိုင်လျှင် ဈေးချိုပါသည်

- ဆင်ခြေဖုံးများ - မြို့ကြီးပြင်ပနေရာများ
- ဒေသန္တရ မြို့များ တို့ဖြစ်သည်

အိမ်များက ပိုလည်း ကြီးမားနိုင်သည်။




အိမ်ငှားရမ်းရာ၌ မလုပ်မနေရတို့မှာ၊

- သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်း




- အိမ်လခ စပေါ်ငွေ ကိုပေးခြင်း




- အိမ်လခ 1 လစာကို ပေးခြင်း တို့ဖြစ်သည်

## သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်း




သဘောတူစာချုပ်ဆိုသည်မှာ အောက်ပါ ပုဂ္ဂိုလ်များ အကြား ချုပ်ဆိုသော တရားဝင် စာရွက်စာတမ်း သို့မဟုတ် စာချုပ်ဖြစ်သည်

- သင်- အိမ်ငှား
- အဆောက်အအုံပိုင်ရှင် - အိမ်ရှင် တို့ဖြစ်သည်



သဘောတူစာချုပ်သည် သင် နှင့် အိမ်ရှင်တို့အား ကာကွယ်ပေးသည်။

၎င်း၌ ရှင်းပြထားမည်မှာ၊



- သင်ပေးရန်လိုအပ်သော အိမ်လခ




- အိမ်လခကို ဘယ်နှစ်ကြိမ်တစ်ခေါက် မဖြစ်မနေ ပေးရမည်



- အိမ်၌ သင်မည်မျှကြာကြာနေထိုင်မည်





- အောက်ပါကဲ့သို့သော ဝန်ဆောင်မှုများအတွက် ကျသင့်ငွေတောင်းခံလွှာများကို မည်သူကပေးရမည် တို့ဖြစ်သည်။
    - ရေ
    - လျှပ်စစ်မီး
    - ဓာတ်ငွေ့
    - တယ်လီဖုန်း တို့ဖြစ်သည်

# အိမ်လခ စပေါ်ငွေ ပေးခြင်း




သင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်အခါ၌ သင်သည် အိမ်လခ စပေါ်ငွေကို ပေးရန်လည်းလိုအပ်သည်။




အိမ်လခ စပေါ်ငွေကို တစ်ခေါက်တည်းသာပေးရသည်။ ၎င်းသည် အိမ်လခ 4 ပတ်စာနှင့် ညီမျှသည်။




အကယ်၍အောက်ပါတို့ဖြစ်ခဲ့လျှင် သင့်အား ကာပေးသည်

- သင်အရာတစ်ခုခုကို ဖျက်ဆီးလျှင် သို့မဟုတ် ချိုးဖွဲ့လျှင်




- သဘောတူစာချုပ်ပါ နေ့စွဲမတိုင်မီ အိမ်မှ ထွက်ခွာသွားလျှင် တို့ဖြစ်သည်




အောက်ပါအခြေအနေတို့တွင် သင်သည် အိမ်လခ စပေါ်ငွေကို ပြန်ရမည်

- သင်အိမ်ပြောင်းသည့်အခါ၌ အိမ်အခြေအနေမှာ အားလုံးကောင်းလျှင်
- သင် မည်သည့်အရာတစ်ခုခုကိုမျှ မဖျက်ဆီးခဲ့လျှင် သို့မဟုတ် မချိုးဖွဲ့ခဲ့လျှင်
- သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအား မချိုးဖောက်ခဲ့လျှင် တို့ဖြစ်သည်



သင်သည် အိမ်လခ စပေါ်ငွေကို
ပေးနိုင်မည့်အကူအညီကို ရကောင်းရနိုင်မည်။




သင် အကြံဉာဏ်ရနိုင်မည့်သူများမှာ၊

- သင့်အမှုတွဲလုပ်သား




- နေရာထိုင်ခင်းဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်းတို့ဖြစ်သည်




သင့်အိမ်လခ နှင့် အိမ်မှုအသုံးအဆောင်များ
ကုန်ကျစရိတ်ကို သင် အချိန်မီပေးရန်လိုအပ်ပါသည်။



အကယ်၍သင် အိမ်လခကို အချိန်မီ မပေးလျှင်၊ သင့်ကို
နှင်ထုတ်နိုင်သည်၊ သင့်အား အိမ်မှ ဆင်းပေးရန်
ပြောကောင်းပြောမည်။



အကယ်၍သင် ကျသင့်ငွေ တောင်းခံလွှာများကို
အချိန်မီ မပေးလျှင်၊ သင်အသုံးပြုနေသော
အိမ်မှုအသုံးအဆောင်များကို
ဖြတ်တောက်ခံရနိုင်ဖွယ်ရှိမည်။

# သင့်အိမ်၌ နေထိုင်ခြင်း



သင်ငှားရမ်းနေသောအိမ်ကို အိမ်ရှင်က
နေရာထိုင်ခင်းကို လာရောက်၍ စစ်ဆေးပိုင်ခွင့်ရှိသည်။



အိမ်ရှင်က သူ့အနေနှင့် မည်သည့်အချိန်၌
စစ်ဆေးမည့်အကြောင်းကို သင့်အားပြောပြသင့်သည်။



အိမ်ရှင်က

- အိမ် နှင့် ခြံမြေကို သင် သန့်ရှင်း သပ်ရပ်စွာထားခြင်း ရှိမရှိ



- အပျက်အစီး ရှိမရှိ တို့ကိုစစ်ဆေးလိမ့်မည်



အကယ်၍သင် ငှားနေထိုင်သည့်အိမ်ကို ဂရုမစိုက်၊ သန့်ရှင်းသပ်ရပ်စွာ မထားရှိလျှင်၊

- သင့်အိမ်နီးချင်းတို့က တိုင်တန်းနိုင်ဖွယ်ရှိသည်



- သင့်အိမ်ရှင်က သင့်ကို နှင်ထုတ်နိုင်ပါသည်

# အိမ်ငှားသူအဖြစ် သင်လုပ်ရန်လိုအပ်သောအရာများ




သင့် အိမ်လခကို အချိန်မီပေးပါ။



သင့်အိမ်ကို ဂရုစိုက်ကြည့်ရှုပါ။



အကယ်၍သင့်ကြောင့် တစ်စုံတစ်ရာပျက်စီးပါက
သို့မဟုတ် ကျိုးပဲ့ပါက အိမ်ရှင်အား အကြောင်းကြားပါ



အကယ်၍သင် အိမ်ကို ပြောင်းလဲမှုတစ်စုံတစ်ရာ
လုပ်လိုပါက အိမ်ရှင်အား
ကြိုတင်ခွင့်တောင်းရန်လိုအပ်သည်။

သူက သဘောတူရန်လိုအပ်သည်။




အကယ်၍သင် အိမ်ပြောင်းလိုက၊ အိမ်ရှင်အား 4 ပတ် ကြိုတင်၍ အကြောင်းကြားရန်လိုအပ်သည်။




သင့်သဘောတူစာချုပ်က အိမ်၌ အိမ်ငှားဘယ်နှစ်ဦး နေထိုင်နိုင်သည်ကို ဖော်ပြထားလိမ့်မည်။

အခန်းများကို နောက်ထပ်လူများအား ထပ်ဆင့်မငှားပါနှင့် သို့မဟုတ် အချိန်ကြာမြင့်စွာ နေမည့် ဧည့်သည်များအား လက်မခံပါနှင့်။



အိမ်နီးနားချင်းများအား ကိုယ်ချင်းစာပြီး၊ သင့်လုပ်ရပ်များက သူတို့အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိနိုင်မည်ကို စဉ်းစားပါ။




ပြဿနာတစ်ခုခုပေါ်ပေါက်က လိုလိုမယ်မယ်အဖြစ် သင်ငှားရမ်းနေသောအိမ်နှင့်ပတ်သက်သည့် ပြေစာများ နှင့် အခြားစာရွက်စာတမ်းများကဲ့သို့သော မှတ်တမ်းများကို သိမ်းဆည်းထားပါ




သဘောတူစာချုပ်သက်တမ်းမကုန်ဆုံးမီ သင်အိမ်ပြောင်းခဲ့လျှင်၊ ပေးရန်ရှိသော အပိုငွေကို ပေးပါ

## အိမ်ရှင်လုပ်ရန်လိုအပ်သောအရာများ





သင် အိမ်လခကို ပြောင်းလဲလိုပါက သင့်အား အချိန်များစွာပေး၍ ကြိုတင်သတိပေးရမည်။



သင့်အား နှင်ထုတ်မည်ဖြစ်လျှင်၊ သင့်အား အိမ်မှဆင်းပေးခိုင်းလိုလျှင်၊ သင့်အား အချိန်များစွာပေး၍ ကြိုတင်သတိပေးရမည်။



သင့်အား အချိန်ကြာမြင့်စွာ မဆိုင်းထားဘဲ ကောင်းမွန်စွာ အလုပ်မလုပ်နေသည့်အရာများကို ပြုပြင်ပေးရမည်။





အကယ်၍ သင် အိမ်ငှားစာချုပ်အရ အရာရာတိုင်းကို မှန်မှန်ကန်ကန်လုပ်ခဲ့လျှင် သင့် အိမ်လခ စပေါ်ငွေကို ပြန်အမ်းရမည်။


# ဘေးကင်းလုံခြုံမှု



သင်၏
- တံခါးများ နှင့်
- ပြတင်းပေါက်များကို အမြဲသော့ခတ်ပါ။



ထမင်းမချက်သည့်အခါများ၌ မီးဖိုကို မီးငြိမ်းထားပါ။



သင်၏ မီးလှန့် အချက်ပေးကိရိယာများ အလုပ်လုပ်သည်ကို သေချာပါစေ။
ဓာတ်ခဲများကို ပုံမှန် 6 လ တစ်ကြိမ် လဲပေးပါ။

# အိမ်ရာ စစ်ဆေးမှုအတွက် ဆောင်ရွက်ရမည့်စာရင်း




သင့်ထံ၌ ကောင်းမွန်သော အိမ်ငှားရမ်းသည့် အတွေ့အကြုံရှိရန် အောက်ပါ စစ်ဆေးဆောင်ရွက်ရမည့်စာရင်းကို အသုံးပြုပါ




သင် နေထိုင်သောနေရာဒေသအကြောင်းကို သိအောင်လုပ်ပြီး၊ အောက်ပါတို့အပါအဝင် သင့်အိမ်အနီးအနား၌ မည်သည့်အရာများအား ရှာတွေ့နိုင်သည်ကို သိပါ

- ကျောင်းများ၊



- ခရီးပို့ဆောင်ရေးစနစ် နှင့်




- ဆိုင်များ တို့ဖြစ်သည်



အိမ်ငှားသဘောတူစာချုပ် ကာလသက်တမ်း နှင့် ၎င်း၏ ကုန်ဆုံးရက်ကို သိထားပါ



သင် အိမ်လခ ပေးရမည့်အကြောင်းနှင့် ပတ်သက်ပြီး
အောက်ပါကဲ့သို့သောကိစ္စအားလုံးကို သိထားပါ


- မည်မျှဖြစ်သည်




- မည်မျှတစ်ခေါက်ဖြစ်သည်




- မည်သည့်အချိန်မတိုင်မီ ပေးရမည် တို့ဖြစ်သည်




သင့် အိမ်လခ စပေါ်ငွေ မည်မျှဖြစ်လိမ့်မည်ကို သိထားပါ။


အိမ်လခ စပေါ်ငွေ သည် အများအားဖြင့် 4 ပတ်စာ
အိမ်လခနှင့် ညီမျှသည်။




အကယ်၍သင်သည် အိမ်ငှားစာချုပ် ကာလသက်တမ်း
မကုန်ဆုံးမီ ထွက်သွားလိုပါက ငွေကြေးအပိုပေးရန်
လို၊မလိုကို သိထားပါ။



အိမ်ရှင် နှင့် အိမ်ငှားတို့ ဘာလုပ်ကြရန်လိုအပ်သည်ကို
သိထားပါ။



သင် ချိတ်ဆက်ရန် လိုအပ်လိမ့်မည့် အောက်ပါတို့ကဲ့သို့သော
သုံးစွဲမှု ဝန်ဆောင်လုပ်ငန်းများကို ချိတ်ဆက်ရန်စီစဉ်ပါ

- ရေ
- လျှပ်စစ်မီး
- ဓာတ်ငွေ့
- တယ်လီဖုန်း တို့ဖြစ်သည်



သင့်ကလေးများအား ဂရုစိုက်ပြီး
သူတို့ဘာလုပ်နေကြသည်ကို သတိထားကြည့်ရှုပါ။



သင်ပိုင်ဆိုင်သော တိရစ္ဆာန်များအား ကြည့်ရှုစောင့်ရှောက်ပါ



သင့်အိမ် နှင့် ခြံကို သပ်ရပ်၊ သန့်ရှင်းစွာ ထားထားပါ



အိမ်နီးချင်းများအား အနှောင့်အယှက်မဖြစ်လောက်အောင်
အသံဗလံများကို နှိမ့်ချထားပါ



အမှိုက်သရိုက်များကို အမှိုက်သိမ်းပုံးတွင် ထည့်ပါ။

အောက်ပါကဲ့သို့သော တစ်ဖန်ပြန်လည်အသုံးပြုနိုင်ရာ
ပစ္စည်းများကို တစ်ဖန်ပြန်လည်အသုံးပြုနိုင်သည့်
ပစ္စည်းများပုံးတွင် ထည့်ပါ

- စက္ကူ နှင့် ကတ်ထူပြား
- မှန်
- ပလတ်စတစ် တို့ဖြစ်သည်

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM